ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်ရာကျပ်
၁၀၀ကျပ် K 100

# "လုပ်ငန်းအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူကတိစာချုပ်"

နေ့စွဲ ။ ။ ၂၀၂၅ ခုနှစ်၊ မတ် လ ( ၂၆ ) ရက်

[illegible] မြို့နယ်။

လုပ်ငန်းအပ်နှံသူ (ပထမတစ်ဖက်) ။ ။ Winning Way Co., Ltd. (ကိုယ်စား)
ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

လုပ်ငန်းလက်ခံဆောင်ရွက်သူ (ဒုတိယတစ်ဖက်) ။ ။ Maxtech Engineering Co., Ltd. (ကိုယ်စား)
ဦးရဲညွန့်(၁၂/သကတ(နိုင်)၀၇၉၄၅၄)၊ Managing Director
အမှတ်(၁၀၀၅)၊ အောင်သပြေ(၁၃)လမ်း၊ (၇)ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၇၄၁။

(အထက်အမည်ပါ လုပ်ငန်းအပ်နှံသူ (ပထမတစ်ဖက်) Winning Way Co., Ltd. နှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူ (ဒုတိယတစ်ဖက်) Maxtech Engineering Co., Ltd. ဟုဆိုရာတွင် ၎င်းတို့၏ ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ <u>အပ်နှံသည့်လုပ်ငန်း</u>

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ရှိ သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းအပ်နှံသူဘက်မှ စိုက်ထုတ်ကုန်ကျခံသည့် ပူးတွဲပါ Installation Price for 211KW On Grid Solar Rooftop Plant for 555 Plastic factory, Mandalay တွင် ဖော်ပြထားသည့် အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီသည့်ပစ္စည်း များကို အသုံးပြု၍ 211KW On Grid Solar Rooftop Plant Installation ကို စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ တပ်ဆင်ပေးရန်အတွက် လုပ်ငန်းအပ်နှံခြင်းဖြစ်ပါသည်။

၂။ <u>လုပ်ငန်းတန်ဖိုး</u>

အထက်အပိုဒ်(၁)ပါလုပ်ငန်းအတွက် လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူတို့ နှစ်ဖက်ညှိနှိုင်းသဘောတူ သတ်မှတ်သည့် လုပ်အားခကျသင့်ငွေ စုစုပေါင်းမှာ ငွေကျပ်-၃၉,၁၈၈,၅၀၀/- (ကျပ်သုံးရာကိုးဆယ့်တစ်သိန်းရှစ်သောင်းရှစ်ထောင့်ငါးရာတိတိ)ဖြင့် လုပ်ငန်းအပ်နှံခြင်းဖြစ်ပါသည်။

၃။ <u>လုပ်ငန်းကာလ</u>

လုပ်ငန်းအားလုံးအား ( ၂၆ - ၃ -၂၀၂၅)ရက်နေ့မှ ( ၁၉ - ၅ -၂၀၂၅)ရက်နေ့အထိ စုစုပေါင်းကြာချိန် (၄၅)ရက်အတွင်း အထက်အပိုဒ်(၁)ပါလုပ်ငန်းကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်စည်းကမ်းချက်များအတိုင်း ပြီးစီးအောင်ဆောင်ရွက်၍ လုပ်ငန်းလက်ခံဆောင်ရွက်သူဘက်မှ လုပ်ငန်းအပ်နှံသူသို့ အားလုံးလက်ရောက်လွှဲအပ်ပေးသည်အထိ အပြီးဆောင်ရွက်ပေးရန် နှစ်ဖက်သဘောတူညီကြပါသည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
ငွေခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ်
ငွေတစ်ရာကျပ်
K 100



၄။ <u>ငွေပေးချေမှုစနစ်</u>

(က) ပထမအရစ်အဖြစ် လုပ်ငန်းစတင်လုပ်ကိုင်သည့် (၁၆ - ၃ - ၂၀၂၅)ရက်နေ့တွင် လုပ်ငန်းတန်ဖိုး၏ (၅၀%)နှင့် ညီမျှသော ငွေကျပ်-၁၉,၅၉၄,၂၅၀/- (ကျပ်တစ်ရာကိုးဆယ့်ငါးသိန်းကိုးသောင်းလေးထောင်နှစ်ရာ့ငါးဆယ်တိတိ)ကို လုပ်ငန်းအပ်နှံသူမှ လုပ်ငန်းလက်ခံဆောင်ရွက်သူသို့ ပေးချေရာ အဆိုပါငွေများကို လုပ်ငန်းလက်ခံဆောင်ရွက်သူမှ အပြည့်အဝလက်ခံရရှိကြောင်း ဤစာချုပ်အားဖြင့် တုတ်ဖော်ဝန်ခံပါသည်။

(ခ) လုပ်ငန်း ၁၀၀% ပြီးစီး၍ လုပ်ငန်းအားလုံးကို လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ လွှဲအပ်နှံ၍ လုပ်ငန်းအပ်နှံသူမှ စစ်ဆေးလက်ခံအတည်ပြုလက်မှတ်ပြီးသည့်နေ့ရက်တွင် ကျန်ငွေ (၅၀%)ဖြစ်သော ငွေကျပ်-၁၉,၅၉၄,၂၅၀/- (ကျပ်တစ်ရာကိုးဆယ့်ငါးသိန်းကိုးသောင်းလေးထောင်နှစ်ရာ့ငါးဆယ်တိတိ)ကို ပေးချေရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူတို့သည် အထက်အပိုဒ်(၁)ပါလုပ်ငန်းကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီကြပါသည်။

(၅-က) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အပ်နှံထားသည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းကို ပူးတွဲပါ 211KW On Grid Solar Rooftop Plant Installation ပါ အမှတ်စဉ်(1.01)လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ပြီးစီးစေရန်အတွက် သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။ အဆိုပါ လက်ခံထားသော လုပ်ငန်းစဉ်များအားလုံးကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ (လက်ရာ)များကို တိကျစွာ ပြည့်စုံ ဆောင်ရွက်ပေး၍ လုပ်ငန်းအပ်နှံသူ ကျေနပ်မှုရှိအောင် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုပါသည်။ နှစ်ဖက်သဘောတူ သတ်မှတ်ထားသည်တို့နှင့် ကွဲလွဲဆောင်ရွက်မှုများရှိပါက သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းအပ်နှံသူကျေနပ်သည်အထိ လုပ်ငန်းလက်ခံဆောင်ရွက်သူမှ အပြည့်အဝတာဝန်ယူ ဆောင်ရွက်ပေးရမည်။

(၅-ခ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် လုပ်ငန်းအပ်နှံသူ၏ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများ၏ စီစဉ်ညွှန်ကြားမှုကို လိုက်နာဆောင်ရွက်ရန်နှင့် သတ်မှတ်ထားသည့်အဆင့်အနေအထားရောက်ရှိတိုင်း လုပ်ငန်းအပ်နှံသူ၏ အင်ဂျင်နီယာများ၊ တာဝန်ရှိသူများ၏ စစ်ဆေးမှုများကို ခံယူနိုင်ရမည်ဖြစ်ပြီး၊ တပ်ဆင်ထားသည့် Solar Rooftop Plant တွင် စံချိန်စံညွှန်းများနှင့် မကိုက်ညီမှုများတွေ့ရှိပါက နှစ်ဖက်သဘောတူ သတ်မှတ်ထားသည့်အတိုင်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျတပ်ဆင်ပေးပါမည်ဟု လုပ်ငန်းလက်ခံဆောင်ရွက်သူမှ ဝန်ခံကတိပြုပါသည်။ ၎င်းတို့၏ စစ်ဆေးအတည်ပြုလက်ခံပြီးမှသာ လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ သဘောတူညီပါသည်။

(၅-ဂ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် မိမိလက်ခံဆောင်ရွက်သည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို အခြားသူတစ်ဦးဦးကိုဖြစ်စေ၊ ကန်ထရိုက်တာတစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီတစ်ခုခုကိုဖြစ်စေ၊ အဖွဲ့အစည်းအသင်းအဖွဲ့ တစ်ခုခုကိုဖြစ်စေ လုပ်ငန်းအပ်နှံသူ၏ တရားဝင်စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ထပ်ဆင့်လွှဲပြောင်း ဆောင်ရွက်စေခြင်းမပြုလုပ်ရပါ။

25/3/25

စာမျက်နှာ - ၃ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ်
ငွေတစ်ရာကျပ်
K 100



(၅-ဃ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းများအားလုံးကို စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် တပ်ဆင်ဆောင်ရွက်၍ နှစ်ဖက်သဘောတူ သတ်မှတ်ထားသည့် (၁၉ -၅ -၂၀၂၅)ရက်နေ့တွင် လုပ်ငန်းအပ်နှံသူသို့ လက်ရောက်အပ်နှံရမည်။

(၅-င) အကယ်၍ အပ်နှံသည့်လုပ်ငန်းမှာ သတ်မှတ်ကာလအတွင်း ပြီးစီးသည့် အနေအထားတွင်မရှိပါက သတ်မှတ်ကာလ (၂၆ - ၃ -၂၀၂၅)ရက်နေ့မှ (၁၉ - ၅ -၂၀၂၅)ရက်နေ့ထက် (၄၅)ရက် ကျော်လွန်သည့်ရက်များအတွက် တစ်ရက်လျှင် ငွေကျပ်-၃၉၁,၈၈၅/- နှုန်းဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ လုပ်ငန်းလက်ခံဆောင်ရွက်သူ၏ လုပ်ငန်းများအားလုံးပြီးစီး၍ လက်ရောက်အပ်နှံသည့်နေ့အထိ ပေးချေသွားရန် သဘောတူပါသည်။

(၅-စ) ရန်သူမျိုးငါးပါးနှင့် ရင်ဆိုင်ကြုံတွေ့ရ၍ လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို အချိန်မီမပေးပို့နိုင်ခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ငန်းလုပ်ကိုင်၍ မရနိုင်သောအခြေအနေများရှိလာပါက မှန်ကန်မှုတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။

(၅-ဆ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းစဉ်များအားလုံးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောကိစ္စအဝဝကို မိမိ၏ကုန်ကျစရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းပေးရမည်။ အကယ်၍ မပြီးပြတ်ဘဲ လုပ်ငန်းအပ်နှံသူ၌ နစ်နာမှုများရှိလာပါက အဆိုပါနစ်နာမှုများအတွက် လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ ပေးလျော်ရမည်။

(၅-ဇ) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် မိမိလက်ခံထားသည့် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံသူသို့ ပြန်လည်အပ်နှံပါက (သို့မဟုတ်) လုပ်ငန်းကို ဆက်လက်မလုပ်ဆောင်တော့ပါက လုပ်ငန်းအပ်နှံသူ၏ နစ်နာမှုအတွက် လုပ်ငန်းအပ်နှံသူထံမှ ရယူထားခဲ့သောငွေများ၏ (နှစ်ဆ) ဖြစ်သော ငွေကျပ်နှင့် နစ်နာကြေးငွေများကိုပါ လုပ်ငန်းလက်ခံဆောင်ရွက်သူမှ လုပ်ငန်းအပ်နှံသူသို့ ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(၅-ဈ) လုပ်ငန်းခွင်အတွင်း လုပ်သားများ ထိခိုက်မှုအန္တရာယ်ရှိပါက လုပ်ငန်းလက်ခံဆောင်ရွက်သူမှ မိမိ၏စရိတ်ဖြင့် ပြီးဆုံးပြေလည်အောင် တာဝန်ယူဖြေရှင်းရမည်။

(၅-ည) လုပ်ငန်းလက်ခံဆောင်ရွက်သူသည် အထက်အပိုဒ်(၁)ပါလုပ်ငန်းများကို လုပ်ငန်းအပ်နှံသူသို့ လက်ရောက်ပေးအပ်သည့်နေ့မှစ၍ (တစ်) နှစ်တာကာလအတွင်း ပစ္စည်းတပ်ဆင်သည့်နေရာများနှင့် အဆိုပါ 211KW On Grid Solar Rooftop Plant Installation ချို့ယွင်းပျက်စီးမှုများရှိလာပါက လုပ်ငန်းလက်ခံဆောင်ရွက်သူမှ မိမိ၏ကုန်ကျစရိတ်ဖြင့် ကောင်းမွန်အောင် တာဝန်ယူအမြန်ဆုံးပြုပြင်ပေးပါမည်။

စာမျက်နှာ - ၅ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၁၀၀ကျပ်　ငွေတစ်ရာကျပ်　K 100



အထက်ပါစကားရပ်များကို လုပ်ငန်းအပ်နှံသူ(ပထမတစ်ဖက်) Winning Way Co., Ltd. နှင့် လုပ်ငန်းလက်ခံဆောင်ရွက်သူ(ဒုတိယတစ်ဖက်) Maxtech Engineering Co., Ltd. တို့သည် သေချာစွာ ဖတ်ရှုသိရှိနားလည်သဘောပေါက်ကြပြီး မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများနှင့်အညီ အောက်ပါအသိသက်သေများတို့၏ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| လုပ်ငန်းအပ်နှံသူ(ပထမတစ်ဖက်) | လုပ်ငန်းလက်ခံဆောင်ရွက်သူ(ဒုတိယတစ်ဖက်) |
|---|---|
| 25/3/25 | |
| Winning Way Co. Ltd. (ကိုယ်စား) | Maxtech Engineering Co., Ltd. (ကိုယ်စား) |
| ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးရဲညွှန့်(၁၂/သကတ(နိုင်)၀၇၉၄၅၄) |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် | - | လက်မှတ် | - |
| အမည် | - Phyo Thu | အမည် | - Naing Lin Aung |
| မှတ်ပုံတင် | - ၉/ဥတသ(နိုင်)၀၀၂၃၆၄ | မှတ်ပုံတင် | - ၈/မကန(နိုင်)၁၃၀၆၅၈ |
| နေရပ် | - အမှတ်-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် | - ဗရမ်းကုန်း-၄၂ ရပ်ကွက်၊ ဂန္ဓာလာလမ်း၊ ရန်ကုန်မြို့။ |